




Did NUG declare Kanbalu Township as Liberated area?

If so, SAC will regard it as enemy territory.

Why NUG did not issue the order not to arrange any event that would attract the crowd?

Does Discussion about village affairs need the small kids to come?

ကန့်ဘလူဖြစ်စဥ့်.
လေယာဥ့်.ပိုင်းလော့
(ရှုရှားပြန်) Aung Myat

ပုံနဲ့.၎င်း၏လိပ်စာလေး.ဖြည့်စွက်ပေးပါ



**Moe Sat May**
Photo&Credit

YESTERDAY AT 5:29 PM

188 · 11 comments

Like · Share

More Videos

BBC Burmese · Follow
11h ·

ပဇီကြီးရွာ တိုက်ခိုက်ခံရမှု သေဆုံးသူ ဦးရေ တိုးလာ
... See more




3.6K 157 comments • 217 shares • 43K views

Like Comment Share

မြောက်ဥက္ကလာပမြို့နယ် သတင်းစုံ
မအေလိုးမျိုး သူခိုးစမြေ မင်းအောင်လှိုင် · Jan 18 ·

အောက်ကမခံဘူးဟေ့ ဆိုတာနဲ့ ဘတ်ဘတ်ကြီးက feelတွေတက်ပြီး ထုနေပြီ 😳😳😳😁😁



42 7 shares

Zee



အင်တာဗျူး | ပဇီကြီးရွာ ဗုံးကြဲတိုက်ခိုက်ခံရမှုမှ လွတ်မြောက်လာသူနှင့် မေးမြန်းခြင်း

This interview with the survivor  told different story.

မေး ။ ။ အဲဒီနေရာဝန်းကျင်မှာ ဒီရုံးအသစ်တခုပဲ ရှိတာလား။

ဖြေ ။ ။ ဒီအုပ်ချုပ်ရေးရုံးက ရွာအပြင်မှာပေါ့။ ရွာလုံခြုံရေးလည်း ဖြစ်တာဆိုတော့ ရွာအပြင်မှာ ထွက်ဆောက်လိုက်တာ။ အဆောက်အဦလည်း အကုန်ပျက်စီးသွားတာ။ ဗုံး ၁ လုံးတည်းနဲ့ကို အဆောက်အဦပါ ပျောက်ထွက်သွားတာ။ ဗုံးချတော့ အော်တာဟစ်တာတွေ မကြားရဘူး။ ဘာမှကို ပြောသံမကြားဘဲ တခါတည်းကို တုံးလုံးပဲ။ ဒီနောက် တအုန်းအုန်းနဲ့ ပေါက်တာက နောက်နားလေးမှာ မိုင်းတွေ လက်နက်ကြီးကျည်တွေက မီးလောင်ပြီးတော့ အုန်းအုန်းနဲ့ တောက်လျှောက် ပေါက်တာ။ အလုံး ၃၀ လောက်ရှိတော့ မီးလောင်ပြီး မိုင်းတွေ ထပေါက်တာ ၁ နာရီလောက် အထိ ကြာတယ်။

The bomb is very p werful, same as the case in Phaka any people died at once.

Message

**Jasmine Nai**
3h ·

ကန့်ဘလူ မှ ပြည်သူ ၁၅၀ ကျော်သေဆုံးမှုတွင် ပိုင်းလော့ ဗိုလ်ကြီးသန်းတိုးအောင် နှင့် ဗိုလ်ကြီး ဘုန်းသက်နိုင်တို့က မောင်းနှင်နေသော Yak-130 တိုက်လေယာဉ်က ပစ်ခတ်ခဲ့ပြီး Yak-130 တိုက်လေယာဉ် အုပ်မှူး ဗိုလ်မှူးရဲဇော်နိုင် က ကြီးကြပ်ခဲ့ကြောင်း စုံစမ်းသိရှိရ

ရန်ကုန်၊ ဧပြီ ၁၂

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာတွင် ပြည်သူ ၁၅၀ ကျော် သေဆုံးခဲ့သော လေကြောင်းတိုက်ခိုက်မှုတွင် စစ်ကောင်စီလေတပ်မှ ပိုင်းလော့ ဗိုလ်ကြီးသန်းတိုးအောင်နှင့် ဗိုလ်ကြီးဘုန်းသက်နိုင်တို့က မောင်းနှင်သော Yak-130 လေယာဉ်က ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဧပြီလ ၁၁ ရက်နေ့ နံနက် ၇ နာရီအချိန်တွင် တံတားဦးလေတပ် YAK-130 အမျိုးအစားလေယာဉ်ဖြစ်ပြီး ပေါင် ၅၀၀ ဗုံး ၂ လုံးကို ကျဲချခဲ့ကြောင်း၊ ယင်းနောက် Mi35 ရဟတ်ယာဉ်ဖြင့် ထပ်မံပစ်ခတ်ခဲ့ရာ အဆိုပါရဟတ်ယာဉ်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှဖြစ်ကြောင်း သိရှိရသည်။

တံတားဦးလေတပ်မှ Yak -130 လေယာဉ်အုပ်မှူး ဗိုလ်မှူးရဲဇော်နိုင်ကကြီးကြပ်၍ ဗိုလ်ကြီးသန်းတိုးအောင်နှင့် ဗိုလ်ကြီး ဘုန်းသက်နိုင်တို့ မောင်းနှင်သော Yak-130 တိုက်လေယာဉ်က ပြည်သူ ၁၅၀ ကျော် သေဆုံးစေရန် ဗုံးကျဲချခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

တိုက်လေယာဉ်ဖြင့် ဗုံးကျဲပြီးနောက် ထပ်မံ၍ဗုံးကျဲခဲ့သော အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ Mi35 ရဟတ်ယာဉ်မောင်း၏ အမည်ကို ဆက်လက်စုံစမ်းနေဆဲဖြစ်သည်။

တံတားဦးအခြေစိုက် Yak-130 တိုက်ခိုက်ရေးလေယာဉ် အမှတ် ၆၂ တိုက်ခိုက်ရေး အုပ်မှူးမှာ-ဗိုလ်မှူးရဲဇော်နိုင်ဖြစ်ပြီး ကချင်ပြည်နယ်၊ ဖားကန့်တွင် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့က လူပေါင်းရာချီသေဆုံးခဲ့သော လေယာဉ်ဖြင့် ဗုံးကျဲတိုက်ခိုက်မှုကို တိုက်ခိုက်ဆောင်ရွက်ခဲ့သော စစ်လေယာဉ်မောင်း ပိုင်းလော့အမှတ် ၆၂ တိုက်ခိုက်ရေးအုပ်မှူးအဖွဲ့ မှ ဖြစ်ကြောင်း ၊

ဧပြီလ ၁၁ ရက်နေ့ ကန့်ဘလူတွင် ပြည်သူ ၁၅၀ ကျော်ကို ဗုံးကျဲ သတ်ဖြတ်ခဲ့သော Yak -130 လေယာဉ်အုပ်မှာလည်း ဗိုလ်မှူး ရဲဇော်နိုင်ဦးစီးသော ပျံသန်းတိုက်ခိုက်ရေး လေယာဉ်အုပ်ဖြစ်ကြောင်း သိရှိရသည်။



**Shwe Moe**
6 h ·

သက်ရှိ သက်မဲ့ သက်သေတွေအတိအကျရှိပါတယ်— 💥

ကန့်ဘလူကိစ္စ NUG ရုံးဖွင့်ပွဲ လို့'ဖွ'ကြတယ်၊ PDF တွေပါတယ်ဆိုပြီး စစ်ရေးပစ်မှတ် အဖြစ်အတင်း ပုံဖော်နေကြတယ်။

မနေ့က ကန့်ဘလူကိစ္စက စစ်ရေးပစ်မှတ် လုံး၀ (လုံး၀) မဟုတ်ဘူးနော်။သေသူတွေရဲ့ဓာတ်ပုံတွေကို အသေအချာဖြဲကြည့်— သေနတ်တစ်လက်မပါဘူး။ PDF ၀တ်စုံတစ်စုံမပါဘူး။

ကလေးငယ် အလောင်းတွေ ၃၀ ကျော်တယ်။ဘာလက်နက်မှ မကိုင်ထားဘူး— ကိုယ်ဝန်ဆောင်တွေ ၊သက်ကြီး ရွယ်အိုတွေ ၊ အမျိုးသမီးတွေ .. ။

💥

NUG ရုံးဖွင့်ပွဲဆို လူကြီးတစ်ယောက်ယောက်နဲ့ PDF တွေပါမှာပေါ့— ဘာရုံးမှ မဖွင့်ဘူး။

💥

ဧပြီလ ၁၁ ရက်နေ့
နံနက် ၇ နာရီကျော်—

တံတားဦးလေတပ်၊
အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊
YAK-130 အမျိုးအစားလေယာဉ်က ပဇီကြီးရွာက ကိုမြတ်လင်းရဲ့အိမ်တည့်တည့်ကို ပေါင် ၅၀၀ ဗုံး ၂ လုံးကို ကျဲချခဲ့တယ်။ နောက်ထပ် ဗုံးတွေ အလုံး ၂၀ လောက်ရှိတယ်။

လူတွေ ပေ ၃၀၀ လောက်ကို လွင့်ထွက်သွားတာ။ တချို့ဆို အစိတ်စိတ်အမွှာမွှာ အသားစတွေပြန့်ကျဲနေတာ အလောင်းတောင်ရှာမရဘူး။

ကိုမြတ်လင်းက ရပ်ရေးရပ်ရွာကိစ္စဆွေးနွေးစရာရှိနေလို့ ပြည်သူတွေကို စည်းရုံးရေးဆင်းရင်း အိမ်တက်ပွဲ အလှူဆိုပြီး ထမင်းကျွေးတာပါ။ အလှူငွေ ဟိုကထည့် ဒီကထည့်နဲ့ အလှူဖြစ်သွားတယ်။ အညာရပ်ရွာဓလေ့အရ အိမ်တက်ဆိုရင် တရွာလုံးကျွေးရတယ်။အခုအချိန်ပြည်သူတွေကလည်း ဆင်းရဲကြတယ်လေ။ ရွာနီးစပ်တွေကလည်း လာကြတယ်။

ကိုမြတ်လင်းက ပအဖခေါင်းဆောင်မို့ ဒလန်က ချွန်လိုက်တာ..။ ကိုမြတ်လင်း မိသားစု ၇ ယောက်လုံးအကုန်သေတယ်။

လက်နက်ကိုင်ထားတာ တစ်ယောက်မှမပါဘူး။ သူတို့ အရေးယူခံရမှာစိုးလို့ စစ်ရေးပစ်မှတ် အဖြစ်အတင်း ပုံဖော်တဲ့ မြေခွေး ( ကကကွန်-တတန) တွေထည့်တဲ့ဂျင်းပါ။ မီဒီယာတွေအထိ ဂျင်းမိသွားတယ်။

💥

စစ်မိစ္ဆာတွေက မှားမှန်းသိလို့ အလောင်းကောက်မရအောင် ထပ်လာပစ်တာ— ဘယ်လောက်ယုတ်မာလဲဆိုတော့..။

ညနေ ၅ နာရီ ၃၅ မိနစ်
ကန့်ဘလူမြို့နယ် ပဇီကြီးရွာကို တံတားဦးဘက်ကတက်လာပြီး JF နဲ့ ဒုတိယအကြိမ် ထပ်ပစ်တယ်။

💥

သနားစရာပြည်သူတွေ..သေလည်း သေရသေး၊ အပြောလည်းခံရသေး..။
နိုင်ငံရေးအရကြည့်မယ်ဆို NUG လည်း အဆဲခံရ၊ မိစ္ဆာတွေလည်း အပြစ်လွတ်..။

လခွမ်း—💥

မရွှေမိုး-ကိုရီးယား
April 12th, 2023.
စစ်ခွေးနိုင်ငံ နှစ်ထောင့်နှစ်ဆယ့် |||

Shwe Moe
6 h ·

သက်ရှိ သက်မဲ့ သက်သေတွေအတိအကျရှိပါတယ်— 💥

ကန့်ဘလူကိစ္စ NUG ရုံးဖွင့်ပွဲ လို့'ဖွ'ကြတယ်၊ PDF တွေပါတယ်ဆိုပြီး စစ်ရေးပစ်မှတ် အဖြစ်အတင်း ပုံဖော်နေကြတယ်။

မနေ့က ကန့်ဘလူကိစ္စက စစ်ရေးပစ်မှတ် လုံး၀ (လုံး၀) မဟုတ်ဘူးနော်။သေသူတွေရဲ့ဓာတ်ပုံတွေကို အသေအချာဖြဲကြည့်— သေနတ်တစ်လက်မပါဘူး။ PDF ၀တ်စုံတစ်စုံမပါဘူး။

ကလေးငယ် အလောင်းတွေ ၃၀ ကျော်တယ်။ဘာလက်နက်မှ မကိုင်ထားဘူး— ကိုယ်၀န်ဆောင်တွေ ၊သက်ကြီး ရွယ်အိုတွေ ၊ အမျိုးသမီးတွေ ..။

💥

NUG ရုံးဖွင့်ပွဲဆို လူကြီးတစ်ယောက်ယောက်နဲ့ PDF တွေပါမှာပေါ့— ဘာရုံးမှ မဖွင့်ဘူး။

💥

ဧပြီလ ၁၁ ရက်နေ့
နံနက် ၇ နာရီကျော်—
တံတားဦးလေတပ်၊
အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊
YAK-130 အမျိုးအစားလေယာဉ်က ပဇီကြီးရွာက ကိုမြတ်လင်းရဲ့အိမ်တည့်တည့်ကို ပေါင် ၅၀၀ ဗုံး ၂ လုံးကို ကျဲချခဲ့တယ်။ နောက်ထပ် ဗုံးတွေ အလုံး ၂၀ လောက်ရှိတယ်။

လူတွေ ပေ ၃၀၀ လောက်ကို လွင့်ထွက်သွားတာ။ တချို့ဆို အစိတ်စိတ်အမွှာမွှာ အသားစတွေပြန့်ကျဲနေတာ အလောင်းတောင်ရှာမရဘူး။

ကိုမြတ်လင်းက ရပ်ရေးရပ်ရွာကိစ္စဆွေးနွေးစရာရှိနေလို့ ပြည်သူတွေကို စည်းရုံးရေးဆင်းရင်း အိမ်တက်ပွဲ အလှူဆိုပြီး ထမင်းကျွေးတာပါ။ အလှူငွေ ဟိုကထည့် ဒီကထည့်နဲ့ အလှူဖြစ်သွားတယ်။ အညာရပ်ရွာဓလေ့အရ အိမ်တက်ဆိုရင် တရွာလုံးကျွေးရတယ်။အခုအချိန်ပြည်သူတွေကလည်း ဆင်းရဲကြတယ်လေ။ ရွာနီးစပ်တွေကလည်း လာကြတယ်။

ကိုမြတ်လင်းက ပအဖခေါင်းဆောင်မို့ ဒလန်က ချွန်လိုက်တာ..။ ကိုမြတ်လင်း မိသားစု ၇ ယောက်လုံးအကုန်သေတယ်။

လက်နက်ကိုင်ထားတာ တစ်ယောက်မှမပါဘူး။ သူတို့ အရေးယူခံရမှာစိုးလို့ စစ်ရေးပစ်မှတ် အဖြစ်အတင်း ပုံဖော်တဲ့ မြေခွေး ( ကကကွန်-တတန) တွေထည့်တဲ့ဂျင်းပါ။ မီဒီယာတွေအထိ ဂျင်းမိသွားတယ်။

💥

စစ်မိစ္ဆာတွေက မှားမှန်းသိလို့ အလောင်းကောက်မရအောင် ထပ်လာပစ်တာ— ဘယ်လောက်ယုတ်မာလဲဆိုတော့..။

ညနေ ၅ နာရီ ၃၅ မိနစ်
ကန့်ဘလူမြို့နယ် ပဇီကြီးရွာကို တံတားဦးဘက်ကတက်လာပြီး JF နဲ့ ဒုတိယအကြိမ် ထပ်ပစ်တယ်။

💥

သနားစရာပြည်သူတွေ..သေလည်း သေရသေး၊ အပြောလည်းခံရသေး..။
နိုင်ငံရေးအရကြည့်မယ်ဆို NUG လည်း အဆဲခံရ၊ မိစ္ဆာတွေလည်း အပြစ်လွတ်..။

လခွမ်း—💥

မရွှေမိုး-ကိုရီးယား
April 12th, 2023.
စစ်ခွေးနိဂုံး နှစ်ထောင့်နှစ်ဆယ့် |||


dna
မြေပြင်ရှိ ဒေသခံတဦး

**ယောန သံ ဇင်ယော်** is with **အမိ ပတိ ဖွား**.

11 April at 21:21 ·

“ကိုယ့်ရွာသားတွေ ကိုယ့်ရှေ့မှာ အတုံးအရုံး အပြတ်အပြတ်နဲ့၊ အနိဋ္ဌာရုံ မြင်ကွင်းတခုပဲဗျာ”

ပဇီကြီးရွာ လေကြောင်းတိုက်ခိုက်ခံရမှု ကလေးငယ် ၂၀ ခန့်အပါအဝင် သေဆုံးသူ ၁၀၀ ကျော် ရှိလာ

ဧပြီ ၁၁၊ အိုးဝေ

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် အရှေ့တောင်ခြမ်း ပဇီကြီးရွာက ကျေးရွာကာကွယ်ရေးအဖွဲ့ ရုံးခန်းဖွင့်ပွဲ ပြုလုပ်နေစဉ် စစ်ကောင်စီက လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့တာကြောင့် ကလေးငယ် ၂၀ ခန့်အပါအဝင် သေဆုံးသူ ၁၀၀ ကျော်ရှိလာတယ်လို့ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေသူ ဒေသခံတဦးက အိုးဝေကို ပြောပါတယ်။

"မနက် ၇:၅၀ ဝန်းကျင်လောက်မှာ ဖိုက်တာလေယာဉ်တစီးလာတယ်။ ဗုံး ၂ လုံး ချတယ်။ ၅ မိနစ် ၁၀ မိနစ်လောက် နားသွားသေးတယ်။ ပြီးတော့မှ Mi 35 လာတယ်၊ လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်တယ်။" လို့ သူက ပြောပါတယ်။

ကျေးရွာကာကွယ်ရေးအဖွဲ့ ရုံးဖွင့်ပွဲကျင်းပနေတဲ့အချိန် အခုလို လေကြောင်းကနေ တိုက်ခိုက်ခံရတာဖြစ်ပြီး ပွဲတက်ရောက်တဲ့ ဒေသခံပြည်သူ အများအပြား အစုလိုက် အပြုံလိုက် သေဆုံးခဲ့ရတာပါ။

"ဒဏ်ရာရတဲ့ လူကတော့ အစိတ် သုံးဆယ်လောက်ပေါ့။ သေတဲ့လူကတော့ စာရင်းအတိအကျ ကောက်လို့မရသေးဘူး။ ကျနော်တို့ကတော့ ရာကျော်မယ်လို့ မှန်းထားပါတယ်။" လို့ သူက ဆက်ပြောပါတယ်။

သေဆုံးသူတွေထဲမှာ ကလေးငယ် ၂၀ ခန့် ပါဝင်ပြီး အများစုမှာ ကျောင်းသားကျောင်းသူတွေ ဖြစ်တယ်လို့ ဆိုပါတယ်။

"အတိအကျတော့ ဘယ်လိုမှ ခန့်မှန်းလို့မရသေးဘူး။ လူတွေက အကုန်ကွဲပြဲနေတာ ဆိုတော့လေ။ ကလေးတွေက အစိတ်လောက်တော့ ပါတယ်။ ကျောင်းမသွားခင် ဒီမှာ အလှူလာစားကြတာပေါ့။"

လေကြောင်းတိုက်ခိုက်ခံရတဲ့ နေရာဟာ ကျေးရွာကာကွယ်ရေးအဖွဲ့အတွက် ဆောက်လုပ်ထားတဲ့ ရုံးဖြစ်ပါတယ်။ ရပ်ရွာဓလေ့ အိမ်တက်သဘော အလှူပေးနေစဉ်မှာ အခုလို လေကြောင်းကနေ ပစ်ခတ်တိုက်ခိုက်ခံခဲ့ရတာပါ။

"အလှူဆိုတော့ အိမ်မှာ မချက်ပြုတ်ကြတော့ဘူးလေ။ ကလေးတွေကလည်း ကျောင်းမသွားခင် မိဘတွေနဲ့ ဒီမှာ မနက်ခင်းစာ လာစားကြတာ။ တချို့ဆို မိသားစုလိုက် ပါသွားတာတွေ ရှိတယ်။" လို့ အမည်မဖော်လိုသူ ရွာခံတဦးက ပြောပါတယ်။

"ပြည်သူလူထု သက်သက်ကြီးကိုမှ ဒီလိုလုပ်သွားတာဆိုတော့ လူမဆန်ဘူးပေါ့ဗျာ။ ကျနော် ငိုလို့လည်း မရတော့ပါဘူး။ ဘယ်လိုခံစားရလဲ ပြောပြလို့တောင် မရတော့ပါဘူးဗျာ။ ကိုယ့်ရွာသားတွေ ကိုယ့်ရှေ့မှာ အတုံးအရုံး အပြတ်အပြတ်နဲ့၊ အနိဋ္ဌာရုံ မြင်ကွင်းတခုပဲဗျာ။" လို့ သူက စိုးနှင့်စွာ ပြောပါတယ်။

#Oway #ABFSU #UYSU #AirStrike #ပဇီကြီးရွာ #လေကြောင်းတိုက်ခိုက်ခံရမှု



လေကြောင်းတိုက်ခိုက်ခံရသည့် ဧရိယာ
ပင်ကြီးကျေးရွာ
Temporarily closed


လေကြောင်းတိုက်ခိုက်ခံရသည့် ဂေဟာ
ပင်ကြီးကျေးရွာ
Temporarily closed

**စု's post**

**စု လင်း**
1 d

# ဂရုထဲ မလည် ဘက်ကသူတွေရှိကြလား?

38 · 4 comments

Like · Comment · Share

All comments

**Paing Zay**

Like · Reply · Share · 1 d

**PanPan**
ရှိတယ်ဒါပေမယ့်လူမစုံတော့ဘူး


Like · Reply · Share · 1 d

**လမင်းခရေကယ့်**

Like · Reply · Share · 1 d


မြေပြင်ရှိ ဒေသခံတဦး





Htan Taw
Library
PANPIN VILLAGE (ပန်းပင်ရွာ - ရတနာအောင်မြေကျောင်း)
MANDALAY REGION
Male
မလည်
Male hospital
စမွါယ်နဂိုရ်
Temporarily closed
Irrawaddy River
ပဒိကြီးကျေးရွာ
Buddhist temple



# ပဇီကြီးရွာ ဗုံးကြဲတိုက်ခိုက်ခံရမှုမှ လွတ်မြောက်လာသူနှင့် မေးမြန်းခြင်း

ဧရာဝတီ

11 April 2023

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာ လေကြောင်းတိုက်ခံရပြီးနောက် သေဆုံး ပျက်စီးမှုများ / CJ

ယနေ့ မနက် ၈နာရီခန့်က စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ပဇီကြီးရွာမှာ ပြုလုပ်သည့် လူ ၁၅၈ခန့် တက်ရောက်သော ပြည်သူ့အုပ်ချုပ်ရေး ရုံးသစ်ဖွင့် ပွဲကို စစ်ကောင်စီက တိုက်လေယာဉ်၊ Mi 35 တိုက်ခိုက်ရေး ရဟတ်ယာဉ်များဖြင့် တိုက်ခိုက်ခဲ့သည်။

စစ်ရေးပစ်မှတ်မဟုတ်သည့် လူစုလူဝေးအတွင်း ဗုံးကြဲတိုက်ခိုက်သဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ အပါအဝင် အရပ်သား ၁၈၈ခန့် သေဆုံးနိုင်သည်ဟု ခန့်မှန်းကြပြီး၊ ပြန့်ကျဲနေသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ရှုမြင် မကောင်းလောက်အောင်ပင် တွေ့မြင်နေရသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ အသေးစိတ်သိနိုင်ရန် အသက်ဘေးမှ လက်မတင်လွတ်မြောက်လာသည့် ကိုယ်တွေ့ကြုံသူ ဒေသခံကာကွယ်ရေး တပ်ဖွဲ့ဝင်တဦးကို ဧရာဝတီက ဆက်သွယ်မေးမြန်းထားပါသည်။

မေး ။ ။ ဗုံးကြဲတဲ့အချိန် အခင်းဖြစ်တဲ့နေရာမှာ ကိုယ်တိုင်ရှိနေပါသလား၊ ဒီလေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံး ဒဏ်ရာရသူ ဘယ်နှဦးလောက်ရှိနိုင်ပါသလဲ။

ဖြေ ။ ။ ရှိနေပါတယ် ကံကောင်းလို့ လွတ်တာပါ။ လူ ၁၅၀ ကျော်လောက် ရှိတဲ့အထဲကို ဗုံးတလုံး တည့်တည့်ကြီး ပစ်ချလိုက်တာ၊ ဝပ်နေပြီး ပြန်ကြည့်လိုက်တဲ့အချိန် ကလေးပေါက်စတွေကအစ ၃ နှစ် ၅ နှစ် ၇ နှစ် အရွယ်တွေလည်း ပါတယ်။ ဒဏ်ရာရတဲ့သူက ၃၀ကျော်လောက်ရှိတယ်။ လွတ်တဲ့လူက ၁၄ ၁၅ ယောက် ရှိတယ်ဗျာ။ အဲဒီတော့ အသေအပျောက်က အယောက် ၁၀၀ လောက်ခန့်မှန်းထားတာ။ ကလေးကတော့ ၂၀ ကျော်တော့ ရှိမယ်။

ကလေးတွေက ၃ နှစ် ၅ နှစ်အရွယ်တွေဆိုတော့ အမေတွေနဲ့ လိုက်လာတာ၊ ကလေးတွေဆို တပိုင်းစီပြတ်နေတာ။ ခေါင်းတခြား၊ ကိုယ်တခြား၊ လက်တခြား တပိုင်းတစတွေ၊ တချို့ကလေးတွေဆို သောက်ရေအိုးစင်မှာတောင် သွားချိတ်နေတာ၊ တပိုင်းက လမ်းမမှာ။ သေတာက မိန်းမသားတွေများတယ်။ ကိုယ်ဝန်ဆောင်တွေလည်း ပါတယ်။ တအား အရင့်အမာကြီး တွေတော့ မဟုတ်ဘူး၊ ၃လ ၅လ လောက် သွားသွားလာလာတွေပေါ့၊ ၁၀ ယောက်လောက်ပါမယ်၊ ဒဏ်ရာရတဲ့လူအပြင် လွတ်တဲ့လူတွေလည်း ရှိတယ်။ နည်းနည်းပါးပါးတော့ ထိကြတာပေါ့။ လွတ်တဲ့လူက ၁၀ ယောက်ကျော်လောက်ပဲရှိမယ်။ ကျန်တဲ့လူက အကုန်လုံးကို သေတာ။

မေး ။ ။ သေဆုံးသူအရေအတွက်က အလောင်းကောက်လို့ရတဲ့ အရေအတွက်လား၊ ဒါမှမဟုတ် ခန္ဓာကိုယ် အပိုင်း အစတွေကို ထွက်တာလား။

ဖြေ ။ ။ ရုပ်အလောင်းက ပီကိုမပီတော့တာ။ ခေါင်းပြတ်တဲ့သူနဲ့၊ ခြေပြတ်တဲ့သူနဲ့ ဘယ်သူဘယ်ဝါကို ခွဲမရဘူး။ အဲဒါတွေ အကုန်လုံးပုံပြီးတော့မှ ကျနော်တို့က မီးရှို့ လိုက်တာ။

မေး။ ။ အဲဒါက ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ ရုံးခန်းဖွင့်ပွဲလို့ သိထားပါတယ်။ အဲဒီနေရာကို ရောက်နေတဲ့သူတွေက ပဇီကြီး ရွာခံတွေပဲလား။ တခြားဘယ်ရွာတွေ ပါသေးလဲ။

ဖြေ။ ။ ဟုတ်ပါတယ် ပဇီကြီးရွာခံတွေများတယ်၊ ဘေးရွာကတော့ ပါတော့ပါတယ်။ နည်းသေးတယ်။စောသေးလို့ မလာသေးဘူး။ ရွာခံတွေပဲများတာ။

မေး ။ ။ အဲဒီနေရာမှာ ကိုယ်တိုင် ရှိနေတာဆိုတော့ လေယာဉ်နဲ့ ဗုံးလာကြဲတဲ့ အခြေအနေကို ပြန်ပြောပြလို့ ရမလား။

ဖြေ ။ ။ ဂျက်ဖိုက်တာ တက်တယ်လို့ အနောက်ဘက်က ကျနော်တို့ အင်အားစုတွေထဲက လှမ်းပြောတယ်။ ပြောတဲ့အချိန်မှာ ဖုန်းလိုင်းက ပြတ်တောင်း ပြတ်တောင်း ဖြစ်နေတော့ မကြားရလို့ လူကြားထဲက အပြင်ထွက်လိုက်တာ၊ အဲဒီအချိန် ဂျက် ဖိုက်တာက ခေါင်းပေါ်ရောက်နေပြီ။ ကျန်တဲ့သူတွေလည်း အကုန်မြင်သွားတယ်၊ အခုသေတဲ့သူတွေလည်း ပြေးချိန်မရ လိုက်တာပေါ့ဗျာ။

တော်တော်များများက ဂျက်ဖိုက်တာ လာတယ်ဆိုတော့ မော့ကြည့်ရင်းနဲ့ ပါသွားကြတာပါပဲ။ ကျနော်ကတော့ ကတ္တရာလမ်းဘေးက မြောင်းထဲထိုးချလိုက်တာ လွတ်သွားတာပေါ့ဗျာ။ ကတ္တရာလမ်းဘေးဆိုတော့ ရေဆိုးမြောင်းလုပ် ထားတာလေ။

မေး ။ ။ ဗုံးက ဘယ်နှစ်လုံးလောက် ကြဲလဲ။ အသံဘယ်လိုကြားရလဲ။

ဖြေ ။ ။ ဖုန်းထွက်ပြောတာနဲ့ ဗုံးကြဲတဲ့အချိန်က ဘယ်လောက်မှ မကြာဘူး။ ဂျက်ဖိုက်တာက ချလိုက်တယ်။ အုန်းဆိုကတည်းက မီးခိုးလုံးကြီး ဖြစ်သွားတယ်၊ မီးခိုးရှင်းတဲ့အချိန် နောက်ထပ်လည်း အသံမကြားတော့ဘူးဆိုတော့ မြောင်းထဲကနေ ထကြည့်လိုက်တဲ့ အချိန်မှာ အကုန်လုံး အတုံးအရုံးပဲ။

ကျနော် ပုန်းတဲ့နေရာနဲ့ ပစ်ချလိုက်တဲ့ နေရာက ခြေလှမ်း ၂၀ လောက်ရှိမယ်။ မြောင်းဘေးမှာ ကတ္တရာလမ်းတန်းရောက်တာကိုး။ ဒဏ်ရာရတဲ့ လူတွေကတော့ ပေ ၅၀ လောက်ဝေးနေတော့ ဒဏ်ရာရတာပေါ့။ ဒဏ်ရာရတဲ့ လူတွေအတွက် ဆိုင်ကယ်တို့ ကားတို့ စီစဉ်၊ ရှင်တဲ့သူ ရှိဦးမလား အရင်ဆုံးကယ်ရမယ် ဆိုပြီး ရှင်တဲ့လူတွေကို အရင်ဆုံး လိုက်ခေါ်တာ ပေါ့။



စစ်ကိုင်းတိုင်း
ပဇိကြီးကျေ
တိုက်ခံရပြီး
ပျက်စီး

သေတဲ့သူတွေကလည်း ဘယ်သူဘယ်ဝါမှန်း မသိတော့ဘူး၊ ကိုယ်တခြား၊ ခေါင်းတခြားတွေရော။ ကလေးတွေဆို ခြေပြတ် လက်ပြတ်ပေါ့နော်။ အသားဖတ်တွေကို လက် ၁ ဆစ် ၂ ဆစ်လောက်၊ ၂ လက်မ ၃ လက်မလောက် အဲဒီ အသားဖတ်တွေကို လမ်းပေါ်တွေရော ဘာတွေရော ပွစာတက်နေတာ။ ကျနော်တို့က အသက်ရှင်တဲ့လူတွေ ရှိသေးလား ဆိုပြီး လိုက်ပြီး လှန်လှောကြည့်သေးတယ်။ အကုန်သေနေပြီ။ နောက်ထပ် လေယာဉ်လာဦးမယ်ဆိုပြီး ဒဏ်ရာရတဲ့လူတွေကို ဆေးခန်းပို့ဖို့ လုပ်နေတာ။ သေတဲ့လူတော့ မတတ်နိုင်ဘူး ရှင်တဲ့လူတော့ ကယ်ဖို့ လုပ်ရမှာပဲ ဆိုပြီး လိုက်ပို့ကြတာ။

ဂျက်ဖိုက်တာက ၁ ကြိမ်ပဲ မနက် ၈ နာရီလောက်မှာ ကြဲတာ။ Mi 35 က လိုက်ပစ်တာကလည်း မကြာဘူး ဗုံးကျပြီးတော့ နာရီဝက်နေတော့ တန်းရောက်လာတာပဲ။ နာရီဝက်လောက် ရွာပတ်ပတ်လည်မှာ ပြေးနေတဲ့ ပြည်သူတွေကို လာပစ်တာ။ ချောင်းတွေထဲ ပြေးနေတဲ့ ပြည်သူတွေကတော့ တယောက်မှ မသေဘူး။ ဗုံးချသွားတဲ့ လူတွေပဲ သေတာ။ ချောင်းတွေထဲ ပြေးပုန်းနေကြတာပေါ့။

မေး ။ ။ အဲဒီနေရာဝန်းကျင်မှာ ဒီရုံးအသစ်တခုပဲ ရှိတာလား။

ဖြေ ။ ။ ဒီအုပ်ချုပ်ရေးရုံးက ရွာအပြင်မှာပေါ့။ ရွာလုံခြုံရေးလည်း ဖြစ်တာဆိုတော့ ရွာအပြင်မှာ ထွက်ဆောက်လိုက်တာ။ အဆောက်အဦလည်း အကုန်ပျက်စီးသွားတာ။ ဗုံး ၁ လုံးတည်းနဲ့ကို အဆောက်အဦပါ ပျောက်ထွက်သွားတာ။ ဗုံးချတော့ အော်တာဟစ်တာတွေ မကြားရဘူး။ ဘာမှကို ပြောသံမကြားဘဲ တခါတည်းကို တုံးလုံးပဲ။ ဒီနောက် တအုန်းအုန်းနဲ့ ပေါက် တာက နောက်နားလေးမှာ မိုင်းတွေ လက်နက်ကြီးကျည်တွေက မီးလောင်ပြီးတော့ အုန်းအုန်းနဲ့ တောက်လျှောက် ပေါက် တာ။ အလုံး ၃၀ လောက်ရှိတော့ မီးလောင်ပြီး မိုင်းတွေ ထပေါက်တာ ၁ နာရီလောက် အထိ ကြာတယ်။

မေး ။ ။ ကြွင်းကျန်တဲ့ ရုပ်အလောင်းတွေကို မီးရှို့ပြီးတာလား။ မိသားစုဝင်တွေကိုရော ဆက်သွယ်လို့ ရပါသလား။

ဖြေ ။ ။ အကုန်လုံးကို စုပုံပြီးတော့၊ အသားဖတ်တွေ ဆိုရင် တံမြက်စည်းနဲ့တောင် လှဲပြီးတော့ ရှင်းရတာ။ ရှင်းပြီးတော့ ကျနော်တို့က မီးရှို့တာတွေကတော့ ရှို့ပြီးပြီပေါ့။ အကုန်လုံးတော့ မသိမ်းရသေးဘူး။ ဂျက်ဖိုက်တာ တက်လာတယ်ဆို တော့ ခဏ နားနေကြတာ။ ဘယ်သူဘယ်ဝါ ခွဲခြားလို့ မရတာတော့ အကုန်လုံးပုံပြီး မီးရှို့လိုက်တာပဲ။ မနက် ၁၁ နာရီ လောက်မှာ ရှို့လိုက်တာပဲ။ သူတို့ မိသားစုဝင်တွေက အကုန်ပြေးနေကြတယ်။ ဘယ်သူ့ကို အဆက်အသွယ်မရ ဘူးဆိုပြီး မိသားစု တွေက ပြောမှ ဘယ်သူဘယ်ဝါသေတယ် ဆိုတာကို ကောင်းကောင်းသိမှာ။ အခုချိန်ကတော့ ပြေးလွှားနေရတာ ဆိုတော့ အတိအကျ မပြောနိုင်တာ။

မေး ။ ။ သေဆုံးတဲ့ထဲမှာ ဒေသခံကာကွယ်ရေး တပ်ဖွဲ့ဝင်တွေရော ပါသေးလား။

ဖြေ ။ ။ ဒီနားက ခေါင်းဆောင်တွေ ပါသွားတာ။ ကျနော်တောင် ဖုန်းထွက်ပြောလိုက်လို့ လွတ်သွားတာ။ ခေါင်းဆောင် အကြီးပိုင်းရော၊ အငယ်ရောဆို အယောက် ၂၀ ဝန်းကျင်လောက်ရှိမယ်။ ကာကွယ်ရေးအဖွဲ့တွေက ဟိုဟာလုပ်၊ ဒီဟာ လုပ်၊ ဟိုသွားဒီသွား၊ ရေလိုတဲ့လူက ရေခပ် ထမင်းချက်တဲ့လူက ထမင်းချက်ဆိုတော့ အဲဒီတော့ ကာကွယ်ရေးအဖွဲ့တွေ က အများကြီး မပါတာ။ ပြည်သူတွေက များတာ။

မေး ။ ။ ဒီအခြေအနေပေါ်မှာ ဘာပြောချင်တာရှိလဲ။ တိုက်ခိုက်မှုပြီးတဲ့နောက် ဒေသခံတွေရဲ့ အခြေအနေကရော ဘယ်လို ရှိနေပါသလဲ။

ဖြေ ။ ။ တော်တော့်ကို ယုတ်မာတယ်လို့ ပြောရမှာပဲ။ ဒီနားမှာ တိုက်ပွဲတွေဘာတွေ ဖြစ်တယ်ဆိုတာလည်း ဒီလောက်ကြီး မရှိသေးဘူး။ တိုက်ပွဲဖြစ်လို့ ပစ်ဆိုရင် လက်သင့်ခံပါတယ်။ သူပစ်ကိုယ်ပစ် ဆိုတော့ အခုကတော့ တဖက်သတ်ကြီး။ ဒေသခံကတွေကတော့ ရွာနဲ့ဝေးတဲ့နေရာ တောတွေ၊ တောစပ်တွေကို အကုန်လုံး ပို့ထားရတာပေါ့။ ရွာထဲလည်း ယောကျ်ားသားတွေလောက်ပဲ ပြန်ဝင်တာ မိန်းမသားတွေ ၊ လူကြီးပိုင်းတွေကတော့ အကုန်လုံးရွာနဲ့ ဝေးရာကို ပို့ထားရတာပေါ့။ ကျနော်ဆို အခုထိ နားတွေကို အူထူပြီးတော့ မျက်စိထဲကို အတုံးလိုက် အတစ်လိုက်တွေ မြင်လိုက်ရတာပေါ့။

**You may also like these stories:**

ပဇီကြီး လေကြောင်းတိုက်ခိုက်မှုတွင် အမျိုးသမီးနှင့် ကလေး အများဆုံး သေဆုံး

နမ်းနိန်းရွာသားတွေ ဘယ်လို အသတ်ခံခဲ့ရလဲ

KIO အထိမ်းအမှတ်ပွဲ ဗုံးကြဲတိုက်ခိုက်ခံရမှု လူ ၁၀၀ ကျော် သေဆုံး


ကလေးများ ပြန်ပြောပြသော လက်ယက်ကုန်း လူသတ်ပွဲ

ရွှေဘိုသို့ အိမ်အပြန်တခေါက်

**Topics:** Mi-35, ကန့်ဘလူ, ဂျက်ဖိုက်တာ, စစ်ကိုင်းတိုင်း, ပဇီကြီးရွာ, ဗုံးကြဲ, သေဆုံး


**ဧရာဝတီ**

...

# မြန်မာ့ရုပ်ရှင်လောကကို သရော်ထားတဲ့ ‘ခြေလေးချောင်း’ ရုပ်ရှင် ဒါရိုက်တာနှင့် မေးမြန်းခြင်း

ဧရာဝတီ

11 April 2023

‘ခြေလေးချောင်း’ ရုပ်ရှင် ရိုက်ကူးသူ ဒါရိုက်တာ မောင်ဆန်း

နိုင်ငံတကာ ရုပ်ရှင်ပွဲတော် ၃၀ ကျော်မှာ ပါဝင်ပြသခွင့်ရခဲ့တဲ့ ‘ခြေလေးချောင်း’ (Money has four legs) ရုပ်ရှင်ကို ထိုင်းနိုင်ငံက Independent ရုပ်ရှင်ရုံများမှာ ပထမဆုံးအကြိမ် မြန်မာရုပ်ရှင်ဇာတ်ကားအနေနဲ့ ပြသတော့မှာ ဖြစ်ပါတယ်။

ခြေလေးချောင်း အမည်ရတဲ့ ရုပ်ရှင်ကတော့ မြန်မာ့ရုပ်ရှင်လောကမှာ ဆင်ဆာဖြတ်တဲ့စနစ်၊ ဖန်တလဲလဲရိုက်ကူးနေ ကြတဲ့ မြန်မာ့ရုပ်ရှင်ဇာတ်ကားများနဲ့ ငွေနောက်လိုက်တဲ့ ရုပ်ရှင်လောက စတာတွေကို သရော်ထားတဲ့ ရုပ်ရှင်တကား ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဧပြီလ ၉ ရက်က ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှာ ပွဲဦးထွက်အနေနဲ့ ပြသခဲ့ပါသေးတယ်။

ဒီဇာတ်ကားကို၂၀၂၀ ပြည့်နှစ် ကိုရီးယားနိုင်ငံ၊ ဘူဆန်ရုပ်ရှင်ပွဲတော်မှာ New Currents ပြိုင်ပွဲဝင် ဇာတ်ကားအဖြစ် ပြသခွင့် ရခဲ့ပါသေးတယ်။ အဲဒီ နောက်မှာတော့ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ပေါင်း ၃၀ ကျော်မှာ ပြသခွင့်ရရှိခဲ့ပါတယ်။

‘ခြေလေးချောင်း’ ရုပ်ရှင် ဖန်တီးခဲ့တဲ့ ရည်ရွယ်ချက်၊ ပြသမယ့် အစီအစဉ်တွေနဲ့ ပတ်သက်ပြီးတော့ ဧရာဝတီက ဒါရိုက်တာ မောင်ဆန်းကို ဆက်သွယ်မေးမြန်းထားပါတယ်။

**မေး။** ။ ခြေလေးချောင်းရုပ်ရှင်ကို ဘယ်လို ဖန်တီးဖြစ်ခဲ့တာလဲ။ ပုံဖော်ဖြစ်ခဲ့တဲ့ ရည်ရွယ်ချက်ကရော ဘာများဖြစ် မလဲရှင့်။

**ဖြေ။** ။ ကျနော် ၂၀၁၂ မှာ စင်ကာပူမှာ အလုပ်လုပ်ရာကနေ မြန်မာပြည်ကို ရုပ်ရှင်ရိုက်တဲ့အလုပ်လုပ်မယ်ဆိုပြီး ပြန်လာတယ်။ အဲဒီအချိန်ထိ ကျနော်က ရုပ်ရှင်အကြောင်း ဘာဆိုဘာမှ မသိသေးဘူး။ အင်တာနက်က ကောင်းလာပြီ ဆိုတော့ ရုပ်ရှင်နဲ့ ပတ်သက်တာတွေကို လေ့လာတယ်။ ပုံမှန်သိပ်ကြည့်လေ့မရှိတဲ့ ရုပ်ရှင်ကားတွေကို လိုက်ရှာ လိုက် ကြည့်ပြီးတော့ ဘယ်လိုရိုက်လဲ ဘာအဓိပ္ပာယ်တွေရှိလဲ။ ဒီအခန်းတခုက ဘယ်ကိုပြောချင်တာလဲ။ တဖြည်းဖြည်းနဲ့ နားလည်လာတယ်။ အဲဒါနဲ့ ဇာတ်ညွှန်းတခု စရေးတယ်။

အဓိက က မြန်မာပြည်မှာ ဖိနှိပ်နေတဲ့ ဆင်ဆာစနစ်ကို သရော်ချင်တာပေ့ါ။ ငွေနောက်လိုက်ပြီးတော့ မဲပြာပုဆိုးပဲရိုက် နေတဲ့ ရုပ်ရှင်လောကကို သရော်ချင်လည်း ရှိတယ်။ နောက်တခုက ကျနော်ကိုယ်တိုင်လည်း ဟိုဟာလုပ်မယ် ဒီဟာ လုပ်မယ် ဆိုပြီး တကယ်တမ်းကျတော့လည်း ငွေရှာနေရတာပဲ။ ကြော်ငြာတွေ ရိုက်ပြီးတော့။ ကိုယ့်ကိုယ်ကိုယ် သရော် ချင်တာနဲ့ သရော်ဟာသ ဇာတ်လမ်း တပုဒ်ရေးမယ်ပေ့ါ။ အထဲက ဇာတ်ဝင်ခန်းတွေက ကိုယ်ပိုင်အဖြစ်အပျက် ကိုယ် ပိုင်ဘဝထဲက ဟာတွေကို ရေးတယ်။ ကျနော့်သူငယ်ချင်းတွေ ရုပ်ရှင်လောကထဲကလူတွေရဲ့ အခက်အခဲတွေကို ရေးတယ်။

**မေး။** ။ ခြေလေးချောင်းထဲမှာပါတဲ့ သရုပ်ဆောင်တွေကို ဘယ်လို ရွေးချယ်ခဲ့လဲ။

**ဖြေ။** ။ သရုပ်ဆောင်တဲ့နေရာမှာ အရမ်းနာမည်ကြီးလို့ စူပါစတားလို့ အားပေးကြတယ်ဆိုတာထက် ကျနော်က အပြင် သဘာဝနဲ့ နီးစပ်တဲ့ အိုက်တင်ကို လိုချင်တယ်။ ဇာတ်ကားထဲက ကာရိုက်တာတွေနဲ့ နီးစပ်တဲ့ အပြင်ကလူတွေ ထဲက ရှာယူတယ်။ အဓိကက Casting ခေါ်ပြီးတော့ ရှာတဲ့အချိန်မှာ သိတဲ့လူတွေကိုလည်း ဝင်ခိုင်းတယ်။ အပြင်က လူတွေလည်း ဝင်ခိုင်းတယ်။ အဓိက သရုပ်ဆောင်နေရာမှာ ဒါရိုက်တာ မောင်ဝဏ္ဏသား အရင် ဓာတ်ခဲကားထဲက ကိုဥက္ကာ ကို

ရွေးလိုက်တယ်။ အဓိက သရုပ်ဆောင် အမျိုးသမီးနေရာမှာ Documentary ဒါရိုက်တာ မခင်ခင်ဆုကို ရွေးလိုက်တယ်။ နောက်တယောက်လည်း ရှိသေးတယ်။ သူကျတော့ သီချင်းတွေဆိုတဲ့ ကိုသူကို ရွေးလိုက်တယ်။

**မေး။ ။** 'ခြေလေးချောင်း ' ရုပ်ရှင်ကို ထိုင်းနိုင်ငံမှာ စတင်ပြသတော့မယ်လို့ သိရတယ်။ ဘယ်လို အစီအစဉ်တွေနဲ့ ပြသသွားမှာပါလဲ။

**ဖြေ။ ။** လောလောဆယ်ကတော့ ထိုင်းနိုင်ငံမှာရှိတဲ့ Independent ရုပ်ရှင်ရုံတွေမှာ ပြမှာပေါ့။ Common Move ဆိုတဲ့ အဖွဲ့အစည်းကနေပြီးတော့ ကျနော့်ရုပ်ရှင်ကို ရွေးပြီးတော့ သူတို့အစီအစဉ်နဲ့သူတို့ ပြဖို့လုပ်နေတာပေါ့။ အဓိက က စီးပွားဖြစ် ရုပ်ရှင်ရုံတွေ မဟုတ်ဘဲနဲ့ သူတို့အနေနဲ့ နိုင်ငံတကာမှာ အနုပညာမြောက်တဲ့ ရုပ်ရှင်ကားတွေကို ရွေး ချယ်ပြီးတော့ ပြသတာပါ။

**မေး။ ။** ထိုင်းနိုင်ငံအတွင်းက ဘယ်မြို့တွေမှာ ပြသသွားမှာလဲ။

**ဖြေ။ ။** အဓိကက Independent ရုံတွေ လူ ၅၀၀၊ ၆၀၀ ထောင်ဂဏန်းနဲ့ချီပြီး ဆန့်တဲ့ရုံတွေတော့ မဟုတ်ဘူး။ လူ ၃၀၀ လောက်ဆန့်တဲ့ ရုံတွေပဲဖြစ်လိမ့်မယ်။ ဘန်ကောက်မှာ ပြမယ်။ နောက်ပြီးတော့ ချင်းမိုင် အရှေ့မြောက်ပိုင်းက မြို့မှာလည်း ပြမယ်။ တခြားမြို့တွေမှာလည်း ပြဖို့ စီစဉ်နေတယ်။ အတိအကျတော့ မပြောနိုင်သေးဘူး။ အရှေ့ တောင် အာရှမှာရှိတဲ့ ရုပ်ရှင်ကားတွေကို ထိုင်းလူမျိုးတွေကို ကြည့်စေချင်လို့ ပြဖို့ စီစဉ်နေကြပါတယ်။

**မေး ။ ။** အခုလို ပြသဖို့အတွက် ဘယ်လို အခက်အခဲတွေ ရှိခဲ့ပါသလဲ။

**ဖြေ ။ ။** အဓိက စီစဉ်နေတာတော့ Common Move ဆိုတဲ့ ထိုင်းနိုင်ငံက Independent Film Maker တွေပဲ ထောင်ထားတဲ့ ထုတ်လုပ်ရေးလည်း ဟုတ်တယ်။ ဖြန့်ချိရေးလည်း ဟုတ်တယ်။ သူတို့တွေလုပ်ပေးနေတာပေါ့။ ထိုင်းမှာတော့ ကျနော့်ရုပ်ရှင်မှာ ပါဝင်တဲ့လူတချို့ရှိတယ်။ သူတို့က ပွဲတွေမှာ ဝင်ပြီးတော့ပါဝင်ပေးတယ်။ ကျနော်က တခြား ဇာတ်ညွှန်းရေးတဲ့ အလုပ်တခုရှိနေတော့ ခရီးထွက်လို့ မရဘူးပေါ့။ တခြားရုပ်ရှင်နဲ့ ပတ်သက်တဲ့ကိစ္စတွေ မေးလာရင်တော့ ဖြေပေး ဖြစ်ပါတယ်။

**မေး။ ။** ပြည်တွင်းမှာရော ပြသဖို့ အစီအစဉ်ရှိပါသလား။

**ဖြေ။ ။** ပြည်တွင်းမှာကတော့ အစကတည်းက နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွေ မသွားခင် အရင်ဆုံး ရည်ရွယ်ချက်က မြန်မာတွေကြည့်ဖို့ မြန်မာကား ရိုက်ထားတာပေါ့။ ဆင်ဆာစနစ်ကို သွေးတိုးစမ်းတာပေါ့။ ဘယ်လောက်ထိ လက်ခံနိုင်မလဲ။ သူတို့ကို ဝေဖန်ရင်ရော လက်ခံနိုင်မလားပေါ့။ စိန်ခေါ်တာပေါ့။ ကျနော်ဝေဖန်တာကို ဘယ်လောက်ထိ ပြနိုင်မလဲပေါ့။ ၂၀၂၀ မှာ ဘူဆန်မှာထွက်သွားပြီးတော့ နှစ်ကုန်လောက်ကျတော့ ဖောင်တင်လို့ရပြီဆိုတော့ သွားတင်လိုက် တယ်။ ရုပ်ရှင်ပြသတဲ့အဆင့်ထိတော့ မရောက်လာဘူးပေါ့။ ပိတ်သွားတယ်ပေါ့။ ပြီးခဲ့တဲ့ ၂၀၂၂ ထဲမှာတော့ ဆင်ဆာ ဘက်က ဆက်သွယ်လာတယ်။ ပြမယ်ဆိုရင် ပြလို့ရတယ်ဆိုပြီးတော့ ဒါပေမယ့် ကျနော်က ပြည်တွင်းမှာ မရှိတော့ ဘူး။ ရုပ်ရှင် ထုတ်လုပ်သူ မအိမ့်က ထောင် ၃ နှစ် ကျသွားတယ်။ မအိမ့်ပြန်လွတ်လာမှပဲ သူ့ရဲ့ ဆုံးဖြတ်ချက်နဲ့ပဲ ဘယ် လို ပြမလဲဆိုတာ ဆုံးဖြတ်ပါလိမ့်မယ်။

**မေး။ ။** မအိမ့်က အခုအချိန်မှာ စစ်ကောင်စီရဲ့ အကျဉ်းချခြင်းကို ခံထားရတော့ အခုလို ဒီရုပ်ရှင်က ဆုရတာတွေ၊ ပြသတာတွေနဲ့ ပတ်သက်ပြီးတော့ရော သူသိပါသလား။ ဘယ်လို သဘောထားရှိပါသလဲ။

**ဖြေ။ ။** ပုံမှန်ဆိုရင်တော့ သူ့ဆီကို စာရေးပြီးတော့ ရုပ်ရှင်နဲ့ပတ်သက်တဲ့ Update တွေရော နောက်လုပ်မယ့် ပရော ဂျက်တွေအတွက်ရော ပြောပြဖြစ်ပါတယ်။ သူကတော့ ရတယ်။ ရုပ်ရှင်နဲ့ ပတ်သက်ရင် ကြိုက်တာလုပ်ပေါ့။ ကျနော်က ရုပ်ရှင်နဲ့ ပတ်သက်တာတွေပဲ လုပ်တတ်တယ်။ ပရိုမိုးရှင်းတွေ၊ မာကတ်တင်းကိစ္စတွေ မလုပ်တတ်ဘူး။ သူမရှိတော့ ကျနော် မလုပ်ဖြစ်ဘူး။ အခု ထိုင်းမှာပြတဲ့ ကိစ္စဆိုရင်လည်း Common Move က တက်တက်ကြွကြွ လုပ်ပေးလို့ ထိုင်း မှာပြဖို့ ကိစ္စက အကောင်အထည်ဖော်ဖြစ်သွားတာပေါ့။ ကျနော့်ဘာသာဆိုရင် လုပ်လည်း မလုပ်တတ်ဘူး။ သိလည်း မသိဘူးပေါ့။

**မေး။ ။** အကယ်၍ ပြည်တွင်းမှာ ပြသဖို့အတွက် ပြောလာမယ်ဆိုရင် ဘယ်လိုလုပ်သွားမလဲ။

**ဖြေ။ ။** အဲဒါကတော့ ကျနော့်ရဲ့ ထုတ်လုပ်သူကို ဆုံးဖြတ်ခိုင်းရမှာပေါ့။ ကျနော်ကတော့ မြန်မာများများကြည့်လေကောင်းလေပဲ။ မြန်မာလိုပဲ စဉ်းစားထားတာပေါ့။ အဓိကဆုံးဖြတ်ချက်ကတော့ ထုတ်လုပ်သူပြချင်လား မပြချင်လား။ သူ့အပေါ်မှာပဲ မူတည်တာပေါ့။

**မေး။** ။ ဒီ ‘ခြေလေးချောင်းရုပ်ရှင်’ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွေမှာလည်း အများအပြား ပြသခဲ့တာလည်း တွေ့ရတယ်။ ဆုတွေလည်း ရခဲ့တယ်ပေါ့။ ဒီဆုတွေအကြောင်းလည်း ပြန်ပြောပြပေးပါဦးရှင့်။

**ဖြေ။** ။ ဇာတ်ညွှန်းအဆင့်က စကြည့်ရင် ဆုက ၂ ဆု ၃ ဆုလောက်တော့ ရှိမယ်။ အဓိကက ကမ္ဘာ့အပေါ်မှာ အကြီး ဆုံးလို့ ပြောလို့ရတဲ့ ဂုဏ်သိက္ခာအရှိဆုံးလို့ ပြောလို့ရတဲ့ ပွဲကြီးတွေ တော်တော်များများမှာ ပြခွင့်ရတယ်။ အရင်တုန်းက ရုပ်ရှင်စလုပ်တုန်းကဆို ဒီပွဲတွေက စိတ်ကူးတောင် မယဉ်ရဲတဲ့၊ မျက်စောင်းတောင် မထိုးရဲတဲ့ ပွဲတွေပေါ့။ ဒီရုပ်ရှင်ကားကြောင့် အဲဒီဂုဏ်သိက္ခာရှိတဲ့ ပွဲတွေလည်း ရောက်ဖြစ်တယ်။ အဲဒီထက်ကြီးတဲ့ ပွဲတွေလည်း ဖိတ်ကြားခံရတယ်။ ပြောရရင်တော့ ဒီခြေလေးချောင်းရုပ်ရှင်က ရုပ်ရှင်သမားတယောက်အတွက် အရေးပါတဲ့ ရုပ်ရှင်တခုပေါ့။

**မေး။** ။ ဒီကားကြည့်ရှုမယ့်သူတွေကိုရော ဘာများ ပြောချင်ပါသလဲ။

**ဖြေ။** ။ ကျနော်ကတော့သူများနဲ့မတူတဲ့ မြန်မာကား တကား ယူလာတယ်။ ကြည့် ကြည့်ပါပေါ့။ ကျနော်က အဲဒါပဲ ပြောချင်တယ်။ တခြားတော့ မပြောတတ်ဘူး။

**မေး** ။ ။ နောက်ထပ်ရော ဘာဆက်ရိုက်ဖို့ ရှိပါသေးလဲ။

**ဖြေ။** ။ လော်ပန်လောင်းဆိုတဲ့ ဇာတ်လမ်းကို ဇာတ်ညွှန်း ရေးနေတယ်။ တခြား တည်ထားတဲ့ဇာတ်တွေလည်း ၂ ခု ၃ ခု ရှိတယ်။ ဒုတိယ ပရောဂျက်အနေနဲ့တော့ လော်ပန်လောင်းကို လုပ်နေပါတယ်။ ။

**You may also like these stories:**

အကယ်ဒမီပွဲတက်ရန် အနုပညာရှင်များကို စစ်ကောင်စီ ဖိအားပေးနေ

ဒီမိုကရေစီအရေးလှုပ်ရှားနေသည့် အနုပညာရှင်များ အကယ်ဒမီဆုပေးပွဲ စိတ်မဝင်စား

မြန်မာ့တော်လှန်ရေးကို နယူးယောက်ဖက်ရှင်ပွဲသို့ ရောက်စေသူ ဒီဇိုင်နာ အင်ကြင်းစံ

**Topics:** ‘ခြေလေးချောင်း’ ရုပ်ရှင်, ဒါရိုက်တာ မောင်ဆန်း, နိုင်ငံတကာရုပ်ရှင်ပွဲ


**ဧရာဝတီ**

...